## *Looking beyond the state of Myanmar*

## *မြန်မာ့ရှေ့ရေးကို လှမ်းကြည့်ခြင်း*

*Burma as a unified state is dying - what might come next?*

ပေါင်းစည်းထားသည့် မြန်မာနိုင်ငံမှာ သေလျက်ရှိ - ဘာဆက်ဖြစ်ဦးမလဲ

**အာရှ်လေ စောက်သ်**

**အာရှ်လေ စောက်သ်** သည် လွတ်လပ်သော စာရေးဆရာ နှင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဖြစ်ပြီး ထိုင်းနိုင်ငံ၊ ချင်းမိုင်တက္ကသိုလ်တွင် သုတေသီတစ်ဦးဖြစ်ပါသည်။ "Conflict, Complexity & Climate Change: Emergent Federal Systems and Resilience in Post-coup Myanmar." စာအုပ်မှာ သူ၏ လတ်တလော လက်ရာမွန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် တော်လှန်ရေးတပ်များသည် ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများကို ရယူနိုင်ခဲ့သည်မှာ အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းကတည်းကဟု ဆိုရပေမည်။ လွန်ခဲ့သည့် ခြောက်လအတွင်း အဓိကကျသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများသည် အရင်က မရှိခဲ့ဖူးသည့် စစ်ဆင်ရေးအောင်မြင်မှုများ၊ နိုင်ငံအဝှမ်း ညှိနှိုင်းပူးပေါင်းတိုက်ခိုက်မှုများနှင့်အတူ အနည်းဆုံး စစ်တပ်စခန်း ၄၀၀ နှင့် မြို့ပေါင်း ၅၀ ကျော်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဗဟိုထိန်းချုပ်မှုသည်လည်း တဖြည်းဖြည်း အားပျော့လာနေသည်။ စစ်တပ်က မိမိအာဏာဖြင့် ကင်ပွန်းတပ်ထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ(နစက)သည်လည်း ထိရောက်စွာ မလည်ပတ်နိုင်သည့်အခြေအနေ ဖြစ်နေသည်။ နစက ၏ခေါင်းဆောင် မင်းအောင်လှိုင်သည် လုပ်နိုင်စွမ်းပြသနိုင်မှ တရားဝင်ဖြစ်မည့်စာမေးပွဲကို မအောင်မြင်သည့်အတွက် အခြားသော အာရှသား အာဏာရှင်များနည်းတူ အခြေခံအကျဆုံးဖြစ်သည့် အပြစ်ကို ကျူးလွန်လိုက်ခြင်း ဖြစ်ပါသည်။ နိုင်ငံ၏ အလယ်ပိုင်း မြေနိမ့်လွင်ပြင်များကို ပြင်းထန်စွာ ထိခိုက်စေနိုင်မည့် ရာသီဉတုပြောင်းလဲခြင်း၏ ပျက်စီးဆုံးရှုံးမှုအကျိုးဆက်များကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်လေသံမာနိုင်စွမ်းရှိတော့မည်မဟုတ်ချေ။

နိုင်ငံ၏ ပြိုကျနေသည့် အခင်းအကျင်းတွင် ရေရှည်ရပ်တည်လာခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အာဏာသိမ်းပြီးနောက်ပေါ်ပေါက်လာသည့် မျိုးဆက်သစ် ပြည်သူ့ကာကွယ်ရေး တပ်များသည်သာလျှင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စစ်ရေးကဏ္ဍတွင် အားကောင်းသည့် အဓိက ဇာတ်ကောင် ဖြစ်လာနေပါသည်။ ထိုသူတို့အားဖြင့်သာလျှင် အောက်ခြေမှအထက်သို့ တည်ဆောက်ရင်း အသစ်သော မြန်မာကို အနက်ဖွင့်ပေးပါလိမ့်မည်။

တရုတ်နိုင်ငံအနေဖြင့် အဆိုပါ အဖွဲ့အစည်းများဆီသို့ အရေးပါသည့် အကူအညီများကို စီမံပေးခဲ့ပြီး ဖြစ်သည်။ ယခုအချိန်တွင် အနောက်အင်အားစုများအနေဖြင့် တော်လှန်ရေးအင်အားစုများ ပိုမို အားကောင်းလာစေရန် စစ်ရေးအကူအညီအပါအဝင် လိုအပ်သည့် ကူညီပံ့ပိုးမှုများပေးရန် အကောင်းဆုံး အချိန်ကာလပင် ဖြစ်ပေသည်။

သို့သော် ရှင်းရှင်းလင်းလင်း သိထားရန် လိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများစုသည် သေလုမျောပါး ပျက်စီးနေသည့် ပြည်ထောင်စုကို ပြန်လည်အသက်သွင်းခြင်းထက် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်ထူထောင်ခြင်းကို ပိုမိုစိတ်ဝင်စား ကြသည်။ မြန်မာသည် ဘယ်သောခါမျှ နိုင်ငံတစ်ခုကဲ့သို့ မရှိခဲ့ပါ။ ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးစုများသည် ကိုလိုနီခေတ်မတိုင်ခင် မြန်မာဘုရင်များလက်ထက်တွင်လည်းကောင်း၊ နောက်ပိုင်း တွင် ဗြိတိသျှအစိုးရအားဖြင့်လည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် စစ်တပ်အားဖြင့် လည်းကောင်း နိုင်ငံအဖြစ် အဓမ္မ သိမ်းသွင်းခံရခြင်းသာဖြစ်သည်။ ဗမာမဟုတ်သည့် တိုင်းရင်းသားများ(ဥပမာ- အာရ်ကန်(ရခိုင်)၊ ရှမ်း၊ ကရင်နီနှင့် မွန်)တွင် ကိုယ်ပိုင်နိုင်ငံ့သမိုင်းကြောင်းများ ရှိခဲ့ကြသော်လည်း စစ်အာဏာရှင်အဆက်ဆက်၏ ဖိနှိပ်ခြင်းကို ခံခဲ့ရသည်။ ကွဲပြားစုံလင်လှပသည့် လူမျိုးစု အသိုင်းအဝိုင်းများကို ပုံစံတူဖြစ်စေပြီးမှ ညီညွတ်စည်းလုံးရေးကို မြှင့်တင်ရန် ကြိုးစားသည့် ဗဟိုအစိုးရ၏ ကြိုးပမ်းမှုများသည်လည်း မကျေနပ်ချက်များ ပိုမိုဖန်တီးသည့်အခြေအနေဆီသို့သာ မောင်းနှင်ပြီး တစ်ဘက်တွင်လည်း အစုအဖွဲ့များစွာကိုလည်း စည်းလုံးညီညွတ်သည့် မြန်မာနိုင်ငံ မဖြစ်ရလေအောင် အဆက်ဖြတ်ထားခြင်းသာ ဖြစ်ခဲ့လေတော့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် တစ်ချိန်က တိုင်းရင်းသားလူမျိုးစု အီလိများအကြားတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည့်နယ်မြေများ ထူထောင်ရန် ပြင်းပြသည့်ဆန္ဒရှိခဲ့သော်ငြားလည်း ကိုလိုနီပြုခံရ သည့် အခြားသော တိုင်းပြည်များနည်းတူ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း ကိုလိုနီခေတ်တွင် ထင်တိုင်းကြဲ ရေးဆွဲခဲ့ကြသည့် နယ်နိမိတ်များကိုသာ တရားဝင်သတ်မှတ်ပေးခဲ့သည်။ ထို့ပြင် ဒေသတွင်း အင်အားကြီးနိုင်ငံများ(တရုတ်နှင့် အိန္ဒိယ)နှင့် အိမ်နီးချင်း(ထိုင်း)နိုင်ငံများသည်လည်း ပြည်တွင်းအကွဲအပြဲက ဒေသတွင်းအခြေအနေကို ထိခိုက်မည်၊ ရွှေ့ပြောင်းမှုကို မောင်းနှင်မည်၊

လူမှုရေးဆိုင်ရာ နာဖျားမှုများကို ပျံ့နှံ့မည်ကို စိုးရိမ်သောကြောင့် စစ်အုပ်ချုပ်ရေးဗဟိုအစိုးရကိုသာ ရေရှည်ပံ့ပိုးခဲ့ကြသည်။ စစ်တပ် ထိပ်သီးခေါင်းဆောင်များနှင့် သီးခြားကိုယ်ပိုင် စီးပွားရေး ဆက်နွယ်ပတ်သက်မှုများကြောင့်လည်း ဖြစ်ပေလိမ့်မည်။

မည်သို့ဆိုစေ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ဗဟိုထိန်းချုပ်သည့်စနစ်ကို နှစ်ပေါင်းများစွာ ဆန့်ကျင်ခဲ့ပြီးဖြစ်သလို တိုင်းရင်းသားတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုအပေါ်အခြေခံသည့် လွတ်လပ်သည့် ပြည်နယ် (သို့) ဖက်ဒရယ်ပြည်ထောင်စုနှင့် ကင်းလွတ်/ချိတ်ဆက်နေသည့် ပြည်နယ်အဖြစ် ရပ်တည် ဖော်ပြလိုကြသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနှင့်အတူ ပြန်လည်နိုးထလာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးလိုသည့် အစစ်အမှန်တရားကို ငြင်းပယ်၍ မရတော့ချေ။ ရခိုင့်တပ်တော်(AA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့(KIA) တအောင်းန် အမျိုးသားလွတ်မြောက်ရေးတပ်ဦး(TNLA)၊ နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ သို့တည်းမဟုတ် ကိုးကန့် ၀ နှင့် ကရင်နီလက်နက်ကိုင်တပ်ပေါင်းစုတို့သည် အကြိတ်အနယ်တိုက်ခိုက်ရယူထားသည့် အောင်မြင်မှုများကို လက်လွတ်ရန် အလားအလာမရှိကြောင်း မြင်သာနေသည်။ စစ်ကောင်စီ အုပ်ချုပ်သည့်နယ်မြေများထဲမှ လွတ်မြောက်နယ်မြေများစွာကို ရရှိထားသည့် အဆိုပါ အဖွဲ့အစည်းများ အနေဖြင့် ယာယီ လွတ်လပ်ရေးရပြီးသား ဖြစ်နေပါသည်။ ၎င်းတို့၏ ပထမဆုံးစိန်ခေါ်ချက်မှာ သောင်းကျန်းသူနှင့် ပြည်သူလူထုကို ညှာတာမှုကင်းမဲ့စွာ ပစ်မှတ်ထားတိုက်ခိုက်သည့် စစ်ကောင်စီ၏ လေကြောင်းရန်မှ မိမိတို့၏ ကိုယ်ပိုင်အုပ်ချုပ်သည့်နယ်မြေကို ထိန်းသိမ်းရမည့်အချက်ဖြစ်သည်။ ဒုတိယစိန်ခေါ်ချက်မှာ လူမျိုးပေါင်းစုံနေထိုင်သည့် နေရာဒေသအပါအဝင် ထိန်းချုပ်ဧရိယာများကို ထိရောက်စွာ အုပ်ချုပ်ရမည့်အချက် ဖြစ်သည်။

သို့သော် ပိုမိုကြီးမားသည့် စိန်ခေါ်ချက်ရှိနေသည်။ မြန်မာနိုင်ငံ၏ လုံခြုံရေးကို နောက်ထပ် ကြီးမားစွာ ခြိမ်းခြောက်သည့်အရာမှာ ပိုမိုကြီးထွားလာနေသော ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများပင် ဖြစ်သည်။ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် တော်လှန်ရေး အဖွဲ့အစည်းများ အားလုံးသည် အထက်ပါ ဆိုးကျိုးများကို လျှော့ချရန်နှင့် လိုက်လျောညီထွေနေထိုင်ရန် အရေးကြီးသော ဇာတ်ကောင်များပင် ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့်သက်ဆိုင်သည့် သုတေသန ခန့်မှန်းချက်အရ လာမည့် နှစ်ပေါင်း ၁၀-၂၀ အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့နေရာများတွင် လူနေထိုင်၍ မရသော နေရာများ ဖြစ်လာမည်ဟု ဆိုပါသည်။ ပိုမိုများပြားလာမည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ အပါအဝင် မြင့်တက်လာသည့် အပူချိန်များနှင့် မူမမှန်သည့် မိုးရွာသွန်းမှုပုံစံများကြောင့် စားနပ်ရိက္ခာ ဖူလုံမှုစနစ်များကို ပျက်ပြားစေလိမ့်မည်။ အထူးသဖြင့် အနိမ့်ပိုင်းဒေသများတွင် ဖြစ်လိမ့်မည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုံတွင် နေထိုင်ကြသော သန်းပေါင်း ၁၂ သန်းမျှသော ပြည်သူလူထုသည်

ရွှေ့ပြောင်းသွားကြရမည်။ သို့တည်မဟုတ် အငတ်ဘေးနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ဆိုခဲ့ပါ အကြောင်းအရာများက မိမိဘာသာ ရှင်သန်နေနိုင်သည့် မြန်မာနိုင်ငံကို အရှုံးဘက်သို့ မောင်းနှင် တွန်းပို့သွားနိုင်ပါသည်။

ယခုအခင်းအကျင်းတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများက ရပ်ရွာလူထုနှင့် ပူးပေါင်းပြီး ရပ်ရွာဒေသအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လျှော့ချခြင်းနှင့် လိုက်လျောညီထွေခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီလျက်ရှိပါသည်။ စစ်အုပ်စုဆန့်ကျင်သည့် နိုင်ငံရေးခေါင်းဆောင်များနှင့် အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များ အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ရန် အရေးကြီးပါသည်။ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အစာချက်သည့်ဖြစ်စဉ်အားဖြင့် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကို လျှော့ချသည့်အတွက် သစ်တောထိန်းသိမ်းခြင်းနှင့် သစ်တော ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်များသည် မရှိမဖြစ် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတကာ အကူအညီဖြင့် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပါသည်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ များတွင် သာဓကများ ရှိနှင့်ပြီးသား ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ရှိနေသော သန်းပေါင်းများစွာသော ပြည်သူလူထုများအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက သက်ဆိုင်ရာ ဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် မြန်မာပြည်သည် သေလျက်ရှိနေပါပြီ။ စစ်ကောင်စီကြောင့် အသတ်ခံ နေရသည်။ စစ်ကြောင့် ဖွတ်ဖွတ်ကျေနေသည့်နည်းတူ ရာသီဥတုဖောက်ပြန်မှု၏ ထိုးနှက်မှု ခံနေရ သည်မှာ အထင်အရှားပင် ဖြစ်သည်။ ထိုသို့ဆိုလျှင် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ အင်အားစုများအနေဖြင့် ကြိုက်နှစ်သက်လိမ့်မည်မဟုတ်သော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ပထဝီနယ်နိမိတ်ရေးရာတို့တွင် အပိုင်းပိုင်း အက်ကွဲကျိုးပဲ့လျက်ရှိနေပါပြီ။

တိုင်းပြည်ကို ပြန်လည်စုစည်းထူထောင်မည့် မျှော်လင့်ချက်မှာ ရှားပါးသေးငယ်လှ၏။ ပေါ်ပေါက်လာသည့် အသေးစား နိုင်ငံငယ်များအတွင်း အားလုံးအကျုံးဝင်သည့် စီမံအုပ်ချုပ်မှုများနှင့် ဝန်ဆောင်မှုများကို စီမံဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ အိမ်နီးချင်နိုင်ငံများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ဒေသတွင်း အာဏာထိန်းထားနိုင်သူများကို ဖော်ထုတ်နိုင်ရေးမှာ စိန်ခေါ်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာ့-အလွန် နိုင်ငံရေးတွင် ဗမာလူဦးရေ အများစုနေထိုင်သည့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးကဲ့သို့သော ဒေသများပါဝင်ပြီး လက်ရှိတွင် စစ်ကောင်စီဆန့်ကျင်ရေး ကြိုးပမ်းမှုတွင် ရှေ့ဆုံးမှ ပါဝင်နေရသည်။

သံတမန်အသိုင်းအဝိုင်းနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် မြန်မာ့အရေးနှင့် ပတ်သက်၍ အတိတ်တွင် နေထိုင်နေခြင်းကို ရပ်တန့်ပစ်ရန် လိုအပ်သည်။ လက်ရှိပကတိအမှန်တရားကို အသိအမှတ်ပြုရန် သက်တောင့်သက်သာ မဖြစ်ဟု ဆိုနိုင်သော်လည်း ပထဝီနိုင်ငံရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ညွှန်ပြနေပြန်သည်။ လာမည့်ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံသည်လည်း အစိတ်စိတ်အမွှာမွှာဖြစ်ပြီး ကမ္ဘာကလည်း ရာသီဥတုဖောက်ပြန်မှုအရှုပ်ထုပ်ထဲသို့ ဆင်းသက်ရသည့်အခါ စစ်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် အင်အားစုများသည် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ အာဏာပါဝါများအတွက် အဓိကကျသည့် မဟာမိတ်များ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အရပ်သားပြည်သူများကို ကာကွယ်ရေးနှင့် အခြေခံလိုအပ်ချက် ဝန်ဆောင်မှုများကို စီမံပံ့ပိုးပေးခြင်းသည် ပြည်သူလူထုကိုယ်တိုင် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးများကို ကန့်သတ်နိုင်ရန် ကူညီပေးနိုင်ပြီး အိမ်နီးချင်းနိုင်ငံများအတွင်းသို့ ဝင်ရောက်လာမှုကို ထိန်းချုပ်ပြီးသား ဖြစ်ပေလိမ့်မည်။

ပြင်ပပါဝင်ပါတ်သက်သူများအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အရေးပါလှသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုရန်နှင့် အသစ်ဖြစ်ပေါ်လာသည့် နိုင်ငံ/ပြည်နယ် အခြေပြုအုပ်ချုပ်စီမံမှုစနစ်များ ထွက်ပေါ်လာရေးကို ပံ့ပိုးပေးရန် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည်။ ထိုအထဲတွင် နစက ကို ဆန့်ကျင်သည့်အဖွဲ့များအတွက် အထူးသဖြင့် လိုအပ်သည့် မြေပြင်မှဝေဟင်ပစ် ကာကွယ်ရေးလက်နက်များအပါအဝင် စစ်ဘက်ဆိုင်ရာ ကူညီထောက်ပံ့မှုများလည်း ပါဝင်သင့်သည်။ ထိုသို့ ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင် သေနေသောတိုင်းပြည်၏ နာကျင်မှုများနှင့် စစ်အုပ်ချုပ်ရေး၏ ကြမ္မာဂြိုလ်ဆိုးများကို သက်ဆိုးရှည်စေခြင်းသာ ဖြစ်ပေလိမ့်မည်။ တစ်ချိန်က မြန်မာတွင် ရှိခဲ့သည့် ကွန်ရက်ချိတ်ဆက်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ စနစ်သစ် ပေါ်ပေါက်လာရေးအတွက် ပံ့ပိုးရန် အကောင်းဆုံး အချိန်ပင် ဖြစ်ပါသည်။